# ရေတွင်းကောင်းကျေးရွာ

# တောင်တွင်းကြီးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက်


ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရေတွင်းကောင်းကျေးရွာ ၊ တောင်တွင်းကြီးမြို့နယ်

( စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည် )



၂၀၁၈ ခုနှစ် ၊ အောက်တိုဘာလ


**မာတိကာ**


စာမျက်နှာ

စကားချီး ၄

တောင်တွင်းကြီးမြို့နယ် ၊ ရေတွင်းကောင်းကျေးရွာအရင်းအမြစ်ပြမြေပုံ ၅

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ် ၆

(၁) နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၆

၁။ တည်နေရာနှင့် ပထဝီအနေအထား ၈
၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ ၈
၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၈
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ ၈
(ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ ၈
(ဂ) အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ ၉
(ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု ၁၀
(င) ပညာရေး ၁၀
(စ) ကျန်းမာရေး ၁၀
(ဆ) ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၀
(ဈ) ကျား/မ ရေးရာ ၁၀
၄။ ကျေးရွာ၏ ဦးစားပေးစီမံချက်လုပ်ငန်းများ ၁၁
၅။ ကျေးရွာ၏ နှစ်အလိုက် စီမံချက်လုပ်ငန်းများ ၁၂
၆။ ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် ၁၃
အထောက်အကူပြုဇယားများ
ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ ၁၃
ဇယား (၂) ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့်ရေအရင်းအမြစ်အခြေအနေ ၁၄
ဇယား (၃) ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ ၁၄
ဇယား (၄) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ ၁၅
ဇယား (၅) ဥစ္စာဓနအဆင့်အခြေအနေ ၁၇
ဇယား (၆) စိုက်ပျိုးနိုင်သော မြေဧရိယာ ၁၈
ဇယား (၇) ကျေးရွာ၏ အဓိကသီးနှံများနှင့် အထွက်နှုန်း ၁၉
ဇယား (၈) မွေးမြူရေးလုပ်ငန်း ၂၀
ဇယား (၉) မွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ ၂၁
ဇယား (၁၀) အခြေခံအဆောက်ဦနှင့်ဝန်ဆောင်မှုများ ၂၂
ဇယား (၁၁) ကျေးရွာလမ်းပန်းဆက်သွယ်ရေးအခြေအနေ ၂၃
ဇယား (၁၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး ၂၃

| | | | | |
|---|---|---|---|---|
| | ဇယား (၁၃) | သယ်ယူပို့ဆောင်ရေး ယာဉ်များနှင့်ဝန်ဆောင်မှုများ | | ၂၄ |
| | ဇယား (၁၄) | လျှပ်စစ်မီးရရှိမှု | ၂၄ | |
| | ဇယား (၁၅) | ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ | ၂၅ | |
| | ဇယား (၁၆) | ကျောင်းတက်နှုန်း | | ၂၅ |
| | ဇယား (၁၇) | စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ | ၂၆ | |
| | ဇယား (၁၈) | အဖြစ်များသော ရောဂါများ | | ၂၇ |
| | ဇယား (၁၉) | လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု | | ၂၇ |
| | ဇယား (၂၀) | ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ) | | ၂၈ |
| | ဇယား (၂၁) | သောက်သုံးရေရရှိမှု | | ၂၉ |
| | ဇယား (၂၂) | သန့်ရှင်းရေးအခြေအနေ(အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်) | | ၂၉ |
| | ဇယား (၂၃) | ဘေးအန္တရာယ်ထိခိုက်မှုအခြေအနေများ | ၃၀ | |
| | ဇယား (၂၄) | သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ | | ၃၁ |
| | ဇယား (၂၅) | ကျား/မ ရေးရာ | ၃၁ | |
| ၇။ | ကျေးရွာဖွံ့ဖြိုးရေး ကွင်းဆက်များ | | | ၃၂ |

**စကားချီ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်တော်တို့ ရေတွင်းကောင်း ကျေးရွာသူ/သားများ ကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ပထမဆုံး စတင်ရေးဆွဲသောအစီအစဉ် ဖြစ်ပါသည်။ စီမံကိန်း ဖြစ်မြောက် ရေးအတွက် ကူညီဆောင်ရွက်ပေးသော တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက် ရေးဆွဲခြင်း ၊ စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ခွင့်ပြုပေးပါသော စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ တာဝန် ရှိသူများ အားလုံး ကျေးဇူးတင်ရှိပါသည်။


ကျွန်တော်တို့ ကျေးရွာတွင် ယခင်က ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ကြရာတွင် ရပ်မိရပ်ဖများနှင့်သာ ရေးဆွဲ တိုင်ပင်ကြခြင်း ဖြစ်ပါသည်။ယခုကဲ့သို့ အတန်းအစားပေါင်းစုံ စနစ် တကျ ပူးပေါင်းဆောင်ရွက်သည့် စနစ်ကျသည့် စီမံကိန်းမျိုး မရေးဆွဲခဲ့ပါ။ယခုအခါ ထိုသို့ ကျေးရွာ လူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်စနစ်ကျသည့် စီမံကိန်းအဖြစ် ဆောင်ရွက်နိုင်သည်ကို သိရှိခဲ့ရပါသည်။နောင်တွင် မည်သည့်ကိစ္စရပ် တိုင်ပင်ဆွေးနွေးမှုများတွင် မဆို လူထုပူးပေါင်းပါဝင်နိုင်ရေး အလေးထား ဆောင်ရွက်ရပါမည်။ကျေးရွာဖွံ့ဖြိုးရေး စီမံချက် ရေးဆွဲသည့်အခါ ကျေးရွာသူ/သားများ၏ နေထိုင်မှု ၊ ပိုင်ဆိုင်မှု ၊ ကျန်းမာရေး အစရှိသည့် ကဏ္ဍ အစုံသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနှင့်သက်ဆိုင်နေကြောင်း သိရှိရပြီး ကဏ္ဍအစုံမှ ထွက်ရှိ လာသော အချက်အလက်များကို ကြည့်ရှုခြင်းအားဖြင့် လိုအပ်ချက်များကို ဖော်ထုတ်သိရှိနိုင်မည် ဖြစ်ပါသည်။ထိုသို့ မှန်ကန်သော လိုအပ်ချက်များအား သိရှိနိုင်မှသာ ကူညီဖြည့်ဆည်း ဆောင်ရွက် ပေးနိုင်မည့်သင့်လျော်သော အဖွဲ့အစည်းများ ဦးစီးဌာနများထံ တင်ပြတောင်းခံနိုင်မည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်း စီမံကိန်းသည် စာရင်းဇယားများ ၊ ကျေးရွာလူထု၏ လူနေမှုအခြေအနေ ပိုင်ဆိုင်မှုများကို ကောက်ယူပြီးမှ လိုအပ်ချက်ပေါ် မူတည်၍ ကျေးရွာလူထု၏ ဆန္ဒဖြင့် အမှန်တကယ်လိုအပ်သော စီမံကိန်းလုပ်ငန်းအား အကောင်အထည်ဖော် ဆောင်ရွက်သဖြင့် အလွန်ကောင်းမွန်ပြီး အကျိုးရှိသော စီမံကိန်း ဖြစ်ပါသည်။

ယခုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အကူအညီဖြင့် ကျေးရွာ လူထုကိုယ်တိုင် ပါဝင်ရေးဆွဲသော ရေတွင်းကောင်းကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း စာအုပ်အား စီမံကိန်းကာလအတွင်းသာ အသုံးပြုခြင်း မဟုတ်ဘဲ ပြောင်းလဲမှုရှိလာသည်နှင့်အမျှ ပြုပြင်ဖြည့်စွက်၍ အစဉ်အမြဲ သုံးစွဲသွားမည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ရေတွင်းကောင်းကျေးရွာ
တောင်တွင်းကြီးမြို့နယ်

**တောင်တွင်းကြီးမြို့နယ် ၊ ရေတွင်းကောင်းကျေးရွာ အရင်းအမြစ်ပြမြေပုံ**



ရည်ညွှန်း- တောင်တွင်းကြီးမြို့နယ် ၊ ရေတွင်းကောင်း ကျေးရွာအုပ်စု ၊ ရေတွင်းကောင်း ကျေးရွာတွင် ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ/သား များ ကိုယ်တိုင် ပူးပေါင်း အကဲဖြတ်ခြင်းမှ ရယူသည်။

**ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်**

(၁) **နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု**

(က) **ရည်ရွယ်ချက်**

ရေတွင်းကောင်းကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်တော်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီ ဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ဖြင့် ရေးဆွဲရေးအတွေ့အကြုံ မရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း ၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေး ထားမိလာကြပါသည်။ထို့အပြင် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး ၊ ဌာနဆိုင်ရာများ စသည်တို့မှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့်ကျွန်တော်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်း သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ ကြုံတွေ့ နေရသော ပြဿနာများ ၊ ပြဿနာများဖြစ်ရသည့် အခြေခံအချက်များ ၊ ဖွံ့ဖြိုးရေးကို အထောက် အပံ့ဖြစ်စေသော အချက်များနှင့်အဟန့်အတားဖြစ်စေသောအချက်များ၊(၅)နှစ်တာ ကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ထိုရည်မှန်းချက်များရရှိရန် ကျွန်တော်တို့ အနေဖြင့် ဆောင်ရွက်မည့်နည်းဗျူဟာများ ၊ စီမံချက်များကို ရှင်းရှင်း လင်းလင်း ဖော်ပြထားပါသည်။

ကျွန်တော်တို့၏ ဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သော အစိုးရဌာနများ ၊ အစိုးရမဟုတ်သော အဖွဲ့ အစည်းများ ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများ ၊ ပုဂ္ဂလိက ကဏ္ဍ ၊ ဘဏ်များ ၊ သတင်းနှင့်ပြည်သူ့ ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရရှိစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏ အသုံးဝင်မှုကို သိရှိစေရန် မျှော်လင့်ပါသည်။

( ခ ) **နိုင်ငံတော်အစိုးရအဖွဲ့အစည်းများအတွက် အသုံးဝင်မှု**

ကျွန်တော်တို့၏အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်း ဆောင်ရွက်ပေးရန် ဤဖွံ့ဖြိုးရေးစီမံချက်များကို မြို့နယ်အဆင့် ၊ ခရိုင်အဆင့် ၊ တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြသွားမည်ဖြစ်ပါသည်။ပုဂ္ဂလိက အဖွဲ့ အစည်းများအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု လိုလားချက်နှင့်၎င်းတို့၏ စီးပွားရေး ဆိုင်ရာ လိုလားချက်များ ၊ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်ဖွံ့ဖြိုးလာစေရန် ဗျူဟာ မြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

အစိုးမဟုတ်သော အဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှု အဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းရှင်များနှင့်အသေးစားလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမို သိရှိလာနိုင်မည်ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော် တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာ နိုင်မည် ဖြစ်ပါသည်။

နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ ၊ နိုင်ငံတကာ ချေးငွေအဖွဲ့အစည်းများ ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင် အဖွဲ့ အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါသည်။

(ဂ) **စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု**

ယခင်ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်တော်တို့ကိုယ်တိုင် တက်နိုင်သော ငွေကြေး ၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိလာနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများကို ချမှတ်ခဲ့ကြပါသည်။ယခုအခါ ယင်းကဲ့သို့ မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးရေးဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိပြီးဖြစ်ပါသည်။ဤသို့ ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း ၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

၁။ **တည်နေရာနှင့်ပထဝီအနေအထား**

ရေတွင်းကောင်းကျေးရွာသည် မကွေးတိုင်းဒေသကြီး ၊ မကွေးခရိုင် ၊ တောင်တွင်းကြီး မြို့နယ် ၊ တောင်တွင်းကြီးမြို့၏ အနောက်တောင်ဘက်အဆုံး ၊ မကွေးမြို့နယ်အဆုံး ၊ ဆင်ပေါင်ဝဲ မြို့နယ်အဆုံး ၊ ကိုးပင် - သစ်ရာကောက်ဖြတ်လမ်းမကြီး၏ အရှေ့ဘက် (၅)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။၎င်းကျေးရွာသည် ပထဝီအနေအထားအရ မြေပြန့်ဒေသဖြစ်ပြီး မြောက်လတ္တီကျူ ၁၉ ဒီဂရီ ၄၉ မိနစ် နှင့် အရှေ့လောင်ဂျီကျူ ၉၅ ဒီဂရီ ၂၀ မိနစ်ကြားတွင် တည်ရှိပါသည်။အမြင့်ဆုံး အပူချိန်မှာ ၄၅.၅ ဒီဂရီစင်တီဂရိတ်ရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ၁၂.၅ စင်တီဂရိတ်ဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် (၄၃၅) ပေရှိပြီး 'မိုး'အများဆုံးရွာသွန်းသောလမှာ ဇူလိုင်လနှင့် သြဂုတ်လတို့ဖြစ်ပါသည်။မိုးတွင်းကာလတွင် ရေလျှံခြင်း ၊ စနယ်မြေစီးများ ဖြစ်သောကြောင့်၎င်း ကျေးရွာချင်းဆက်လမ်းများနှင့် ကိုးပင်-သစ်ရာကောက်ဖြတ် လမ်းမကြီးပေါ်သို့သွားသည့် ဖွံ့ဖြိုးရေး လမ်းများမှာ သွားလာမှု အခက်အခဲများ ကြုံတွေ့ရပါသည်။

၂။ **ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**

နှစ်စဉ် မိုးရေချိန် လက်မ (၄၀) ခန့်ရရှိပြီး သဘာဝပေါက်ပင်များမှာ မန်းကျည်း ၊ တမာပင် ၊ ကုက္ကိုပင် ၊ ထန်းပင် ၊ ဇီးပင် စသော အပင်များ ပေါက်လေ့ရှိပါသည်။မိုးစပါး စိုက်ပျိုးနိုင်သော လယ်ဧက (၄၂၄) ခန့်ရှိပြီး ရေကို ရေစုတ်စက်ဖြင့် စုတ်ယူတင်ပြီး ကြက်သွန် ၊ ပြောင်းဖူးများ စိုက်ပျိုးနိုင်ပါသည်။

၃။ **ကျေးရွာရှိကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေ**

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် ဘုန်းကြီးကျောင်းဂေါပကအဖွဲ့ ၊ ဝတ်ရွတ်သင်းအဖွဲ့ ၊ အရန်မီးသတ်အဖွဲ့ ၊ ပရဟိတအဖွဲ့အစည်းများ ဖွဲ့စည်းထားရှိပါသည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ဆိုင်သော သာရေး၊ နာရေး၊လူမှုရေးကိစ္စကြီးငယ်များအပေါ်ပေါက်လာလျှင် အုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက်၍ ဂေါပကအဖွဲ့ ၊ ဝတ်အသင်းအဖွဲ့ ၊ ပရဟိတအဖွဲ့ နှင့် ကျေးရွာသူ /သားများ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်သော အလေ့အကျင့်ကောင်းများ ရှိပါသည်။ပြင်ပမှ အသေးစားချေးငွေများ ဖြစ်သော ပက်စ်မြန်မာ၊သမဝါယမငွေစု ငွေချေးအဖွဲ့နှင့် အစိုးရငွေချေးဘဏ်များလည်း ရှိပါသည်။

( ခ) **စီးပွားရေးနှင့် အသက်မွေးအခြေအနေ**

ကျေးရွာ၏ အဓိက ဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ မိုးရာသီတွင် နှစ်စဉ် စပါး ၊ မြေပဲ ၊ နှမ်း စိုက်ပျိုးနိုင်ကြပြီး အဓိကသီးနှံမှာ မြေပဲ ၊ နှမ်း တို့ဖြစ်ပါသည်။ ကျေးရွာ၏ စိုက်ပျိုးဧကမှာ (၂၂၈၅) ဧက ရှိပြီး စပါးအထွက်နှုန်းမှာ တစ်ဧကလျှင် အနည်းဆုံး (၁၅)တင်း မှ (၂၀) တင်း ထွက်ပြီး ပျမ်းမျှ (၁၈) တင်း ထွက်ရှိပါသည်။မြေပဲအထွက်နှုန်းမှာ တစ်ဧကလျှင် အနည်းဆုံး (၃၅) တင်းမှ အများဆုံး (၄၅) တင်း ထွက်ပြီး ပျမ်းမျှ(၄၀)တင်းနှုန်း ထွက်ရှိပြီး နှမ်းအထွက်နှုန်းမှာ တစ်ဧကလျှင် (၁၀) တင်း ၊ အများဆုံး (၁၅) တင်း ထွက်ပြီး ပျမ်းမျှ (၁၂)တင်း ထွက်ရှိပါသည်။

မြေအောက်ရေ ရရှိခြင်းသည် သီးထပ်သီးနှံ စိုက်ပျိုးထုတ်လုပ်ရန် အခွင့်လမ်းကောင်းတစ်ခု ဖြစ်သည်။ထိုသီးထပ်သီးနှံ ထုတ်ကုန်များအတွက် ဈေးကွက်၏ အချိတ်အဆက်နှင့် ရောင်းချရေး စနစ်များသည် ဖွံ့ဖြိုးရေးအတွက် ကျေးရွာလူထုမှ စွမ်းဆောင်နိုင်ခြင်း မရှိပါ။မိရိုးဖလာနည်းဖြင့်သာ သီးနှံစိုက်ပျိုးကြသောကြောင့် စိုက်ပျိုးရေးနည်းစနစ်များ မှန်ကန်မှု မရှိခြင်းနှင့် စိုက်ပျိုးရေး နည်းပညာအားနည်းခြင်းတို့ကြောင့် အထွက်နှုန်း နည်းသည်ဟု ယူဆရပါသည်။ နှမ်း ၊ မြေပဲ တို့အတွက် ဈေးကောင်းမရသောကြောင့် တောင်သူလယ်သမားများ အကျိုးအမြတ်ရရှိမှု နည်းပါး ပါသည်။သီးနှံထုတ်လုပ်ရောင်းချမှုမှာ ဝင်ငွေနည်းပါးသည့်အတွက် လူငယ်များသည် ပြည်တွင်း ပြည်ပသို့ ထွက်၍ ဝင်ငွေရှာကြရပါသည်။အကျိုးဆက်အနေဖြင့် သီးနှံထုတ်လုပ်မှုတွင် လုပ်သား ရှားပါး လာပါသည်။သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ စိုက်ပျိုးရေးနည်းပညာ သင်တန်းများ ဖွင့်လှစ်ပေးခြင်းနှင့်စိုက်ပျိုးရေးသုံး စက်ကိရိယာများအား အရစ်ကျစနစ်ဖြင့် ရောင်းချပေးနိုင် ခြင်းများ ရရှိပါက ကျေးရွာ၏ စိုက်ပျိုးကဏ္ဍဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ရပါသည်။

ကျေးရွာတွင် တောင်သူများအပြင် ကျပန်းလုပ်ကိုင်ကြသူများ ရှိသော်လည်း ဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာ အတတ်ပညာနှင့် ကျွမ်းကျင်မှုအားနည်းခြင်းတို့ကြောင့် အသက်မွေးဝမ်းကြောင်း အတွက် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးပါသည်။ထို့ကြောင့် သက်ဆိုင်ရာဌာန အဖွဲ့အစည်း များမှ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပို့ချပေးမည်ဆိုပါက ကျေးရွာ၏ စီးပွားရေးအခြေအနေမှာ ပိုမိုတိုးတက်လာမည်ဖြစ်ပါသည်။

(ဂ) **အခြေခံအဆောက်အဦ နှင့် ဝန်ဆောင်မှုများ**

ကျေးရွာတွင် ကျေးရွာသူ/သားများ အားလုံးသည် သန့်ရှင်းသော သောက်သုံးရေသုံးစွဲရန် လက်နှိပ်တုံကင်တွင်းများ တူးဖော်၍ အသုံးပြုကြပါသည်။ကျေးရွာရှိ အိမ်ထောင်စု (၁၀၀%)သည် လက်နှိပ်တုံကင်တွင်းများမှ သောက်သုံးရေများ ရရှိနိုင်ကြပါသည်။ကျေးရွာတွင် အလယ်တန်း ကျောင်း (၁)ကျောင်း ရှိပြီး ဆရာ/ဆရာမ (၇) ဦးခန့် ရှိပါသည်။အထက်တန်းအဆင့်အတွက် ကျေးရွာမှ (၁၂)မိုင်ခန့်ကွာဝေးသော ချောင်းကောက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း သို့ သွားရောက်၍ ပညာသင်ကြားရပါသည်။

ကျန်းမာရေး ဝန်ဆောင်မှုများအတွက် ဆေးပေးခန်းရှိပါသည်။ကိုယ်ဝန်ဆောင် မိခင်များ ၊ မွေးကိုက်လူနာများနှင့် အရေးပေါ်လူနာများမှာ ရွာနှင့်(၁၈)မိုင်ခန့် ဝေးသော သစ်ရာကောက် တိုက်နယ် ဆေးရုံသို့ သွားရောက်ကြပါသည်။

ကျေးရွာတွင် လမ်းများသည် မြေသားလမ်းများဖြစ်ပြီး မိုးများချိန်တွင် ရွှံ့ဗွက်များ ထူထပ် သဖြင့် သွားလာရန် ခက်ခဲပါသည်။ထို့ကြောင့် ကျောက်ကြီးလမ်းအဖြစ် အဆင့်မြှင့်တင်လျှင် ကျေးရွာ၏ သွားလာရေး ပိုမိုလွယ်ကူမည်ဖြစ်ပြီး ရွာသူ/သားများအတွက် ပိုမို အကျိုးရှိမည် ဖြစ်ပါသည်။လမ်းမကြီးတွင် ကွန်ကရစ်လမ်းဖြစ်၍ လမ်းသွယ်များကို ကျောက်ကြီးလမ်းခင်း ခြင်းသည် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက ဦးစားပေး စီမံချက်ဖြစ်ပါသည်။

(ဃ) **ဘဏ်နှင့်ငွေကြေး ဝန်ဆောင်မှု**

ငွေကြေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သော ချေးငွေကို မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ လယ်တစ်ဧကလျှင် ၁ သိန်း - ၅ သောင်း နှုန်း ၊ ထုတ်ချေးပါသည်။အခြားအသေးစားချေးငွေ ဝန်ဆောင်မှု များဖြစ်သော ပက်မြန်မာ ၊ သမဝါယမ ၊ ငွေစုငွေကြေးအဖွဲ့ရှိသော်လည်း တောင်သူလယ်သမားများ သာမကပဲ အခြားစီးပွားရေး လုပ်ငန်းများ ထူထောင်ရန် ဥပမာ- တစ်နိုင်တစ်ပိုင် မွေးမြူရေး ၊ အရောင်းအဝယ်နှင့် ဝန်ဆောင်မှုများ လိုအပ်ပါသည်။

( င ) **ပညာရေး**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အလယ်အလတ်ရှိပါသည်။ရွာသားအများစုသည် အခြေခံ အရေး အဖတ် အတွက် တတ်မြောက်ကြပြီး တက္ကသိုလ်ပညာရပ်များဖြင့် ဘွဲ့ရသူများလည်း ရှိပါသည်။ ကျေးရွာတွင် အခြေခံပညာအလယ်တန်းရှိပြီး အထက်တန်းအဆင့်အတွက် ကျေးရွာမှ (၁၂)မိုင်ခန့် ကွာဝေး သော ချောင်းကောက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပညာသင်ကြား ရပါသည်။ အသက်မွေးဝမ်းကြောင်း ကျွမ်းကျင်မှုသင်တန်းများ လက်လှမ်းမမီသောကြောင့် လူငယ်များမှာ အသက်မွေးဝမ်းကြောင်းပညာ နိမ့်ကျဆဲ ဖြစ်ပါသည်။

( စ ) **ကျန်းမာရေး**

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါ မရှိသလောက် နည်းပါးပါသည်။နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေး ဖြစ်ပွားတက်ပြီး အခြားလူများတွင် မိုးရာသီတုပ်ကွေးရောဂါ ကူးစက်ခံရလေ့ရှိပါသည်။စပါး ၊ ဟင်းသီးဟင်းရွက် ၊ ပဲမျိုးစုံ စိုက်ပျိုးထွက်ရှိခြင်းနှင့် အလုပ်အကိုင် အဆင်ပြေခြင်းတို့ကြောင့် မိသားစုဝမ်းစာအတွက် နေ့စဉ် ဝင်ငွေ ရှိသဖြင့် အာဟာရချို့တဲ့ခြင်း မရှိပါ။အမျိုးသမီးများ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျန်းမာရေး ဆရာမ များ ရှိခြင်းကြောင့် ကျန်းမာရေး ကောင်းမွန်ကြပါသည်။ကလေးသူငယ်များအတွက် ကျန်းမာရေး ကာကွယ်ဆေးတိုက်ကျွေးသော အစီအစဉ်များကို ကျန်းမာရေးဌာနမှ နှစ်စဉ် ဆောင်ရွက်ပေးပါသည်။

(ဆ) **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျေးရွာမှ လယ်မြေများသည် နှစ်စဉ်စပါးစိုက်ပျိုးခြင်း ၊ သီးထပ်သီးနှံစိုက်ပျိုးခြင်းတို့အတွက် ဓာတုဗေဒ ကွန်ပေါင်း မြေသြဇာများ အသုံးပြုခြင်း ၊ သဘာဝသစ်ဆွေးမြေသြဇာများ နှစ်စဉ် မထည့်သွင်းနိုင် ခြင်းကြောင့် မြေဆီလွှာ ပျက်ယွင်းမှုများ နှင့် ကြုံတွေ့နေရပါသည်။စိုက်ခင်းများတွင် ပိုးသတ်ဆေးများ အသုံးပြု ရသောကြောင့် သဘာဝ ပတ်ဝန်းကျင်ကို ထိခိုက်မှုရှိပါသည်။ပိုးသတ်ဆေးများ အသုံးပြုရာတွင် ဓာတ်ကြွင်းအန္တရာယ် လျော့ပေါ့ရေးအတွက် ဘေးကင်းလုံခြုံမှုရှိရန် လမ်းညွှန်ချက်များကို လိုက်နာ ဆောင်ရွက်ခြင်းအတွက် အားနည်းသေးကြောင်း တွေ့ရှိရပါသည်။ချောင်းမြောင်းများ တိမ်ကောလာသော ကြောင့် မိုးရာသီတွင် မိုးရက်ဆက် ရွာသွန်းလျှင် စပါးခင်းများ ၊ နှမ်းခင်းများ ရေမြုပ်ခံရခြင်းကြောင့် သီးနှံအထွက်နှုန်းလျော့နည်းခြင်းများ ကြုံတွေ့နေရပါသည်။

( ဇ ) **ကျား / မ ရေးရာ**

ကျား/မ ဆိုင်ရာ အခွင့်အရေးများအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားက ဦးဆောင်လေ့ရှိသည်။အမျိုးသမီးများသည် အိမ်မှုကိစ္စများနှင့်သာ အချိန်ကုန်နေရသည်။ လယ်ယာ လုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနှုတ်ခြင်း ၊ ကောက်စိုက်ခြင်း ၊ အမျိုးသားများသည် လယ်ထွန် ခြင်း လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ဘာသာရေး အထိမ်းအမှတ် ရိုးရာယဉ်ကျေးမှုပွဲတော်များဖြစ်သည့် ရှင်ပြု အလှူပွဲများ ကျင်းပခြင်း ၊ ဘုန်းတော်ကြီးကျောင်း ဆရာတော်၏ ဦးဆောင်မှုဖြင့် တရားပွဲများ ကျင်းပခြင်း ၊ အမျိုးသမီးများသည် အမျိုးသားများနှင့်အတူ ပူးပေါင်း ဆောင်ရွက်ကြသည်။လယ်ယာ လုပ်ငန်းခွင်တွင် အမျိုးသားများသည် အမျိုးသမီးများထက် လုပ်အားခ ပိုမိုရရှိကြသည်။ဒေသတွင်းအုပ်ချုပ် ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများ၏အခန်းကဏ္ဍ နည်းပါးနေသေးကြောင်း တွေ့ရှိရပါ သည်။မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေး အထိ ကျား/မ တန်းတူ အခွင့်အရေး ရှိပါသည်။

၄။ **တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီဌာန**

**ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးစီမံချက်လုပ်ငန်းများ**

| စဉ် | ကျေးရွာအုပ်စု | ကျေးရွာအမည် | စီမံချက်အမည် | ဦးစားပေးအဆင့် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ရေတွင်းကောင်း | ရေတွင်းကောင်း | ရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်း | ၁ | |
| | | | ရေနုတ်မြောင်း တူးဖော်ခြင်း | ၂ | |
| | | | အတိုးနှုန်းသက်သာသောချေးငွေရရှိရေး | ၃ | |
| | | | ကျေးရွာ မီးလင်းရေး | ၄ | |
| | | | စာကြည့်တိုက် ဆောက်လုပ်ခြင်း | ၅ | |
| | | | လယ်ယာရရှိရန် မြောင်းပြန်လည်တူးဖော်ခြင်း | ၆ | |
| | | | အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ပေးခြင်း | ၇ | |
| | | | လယ်ယာလုပ်ငန်း စက်ယန္တရားများရရှိရေး | ၈ | |
| | | | အလယ်တန်းခွဲစည်းရိုးခတ်လုပ်ခြင်း | ၉ | |
| | | | အမျိုးသမီးစိတ်ဓာတ်မြှင့်တင်ရေးသင်တန်း ဖွင့်လှစ်ပေးခြင်း | ၁၀ | |
| | | | တောင်သူနည်းပညာပေးသင်တန်း ဖွင့်လှစ်ခြင်း | ၁၁ | |
| | | | ရေတွင်းကောင်းကျေးရွာမှ ကိုးပင်-သစ်ရာကောက် ဖြတ်လမ်းသို့ မြေနီကျောက်ချောလမ်းခင်းခြင်း | ၁၂ | |

## ၅။ တောင်တွင်းကြီးမြို့နယ်၊ ရေတွင်းကောင်းကျေးရွာ၏ နှစ်အလိုက် စီမံချက်လုပ်ငန်းများ

| စဉ် | လုပ်ငန်းအမည် | အဆင ့ဝ် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|---|
| ၁ | ရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်း | ၁ | √ | | | | |
| ၂ | ရေနုတ်မြောင်း တူးဖော်ခြင်း | ၂ | | √ | | | |
| ၃ | အတိုးနှုန်းသက်သာသောချေးငွေရရှိရေး | ၃ | | | √ | | |
| ၄ | ကျေးရွာ မီးလင်းရေး | ၄ | | √ | | | |
| ၅ | စာကြည့်တိုက် ဆောက်လုပ်ခြင်း | ၅ | | | √ | | |
| ၆ | လယ်ယာရရှိရန် မြောင်းပြန်လည် တူးဖော်ခြင်း | ၆ | | | | √ | |
| ၇ | အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ပေးခြင်း | ၇ | | √ | | | |
| ၈ | လယ်ယာလုပ်ငန်း စက်ယန္တရားများ ရရှိရေး | ၈ | | | √ | | |
| ၉ | အလယ်တန်းခြံစည်းရိုးခတ်လုပ်ခြင်း | ၉ | | √ | | | |
| ၁၀ | အမျိုးသမီးစိတ်ဓာတ်မြှင့်တင်ရေး သင်တန်းဖွင့်လှစ်ပေးခြင်း | ၁၀ | | | | | √ |
| ၁၁ | တောင်သူနည်းပညာပေးသင်တန်း ဖွင့်လှစ်ခြင်း | ၁၁ | √ | | | | |
| ၁၂ | ရေတွင်းကောင်းကျေးရွာမှ ကိုးပင်-သစ်ရာကောက် ဖြတ်လမ်းသို့ မြေနီကျောက်ချော လမ်းခင်းခြင်း | ၁၂ | | √ | | | |

၆။ **ကျေးရွာဖွံ့ဖြိုးရေးအခြေအနေအား သုံးသပ်ရန် အထောက်အကူပြုဇယားများ**

**(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

ဇယား (၁) ရေတွင်းကောင်းကျေးရွာ၏ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| **အသက်အုပ်စု** | | **ကျား** | **မ** | **စုစုပေါင်း** |
|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | - | ၃ | ၃ |
| ၁ နှစ်မှ ၄ နှစ်အထိ | ၅ နှစ်အောက်ကလေးငယ် | ၃၂ | ၄၆ | ၇၈ |
| ၅ နှစ်မှ ၉ နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၅၅ | ၄၆ | ၁၀၁ |
| ၁၀ နှစ်မှ ၁၄ နှစ်အထိ | အလယ်တန်းကျောင်းသားအရွယ် | ၄၆ | ၃၄ | ၈၀ |
| ၁၅ နှစ်မှ ၆၄ နှစ်အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၅၄၃ | ၅၉၂ | ၁၁၃၅ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၈ | ၁၅ | ၂၃ |
| **စုစုပေါင်း** | | **၆၈၄** | **၇၃၆** | **၁၄၂၀** |
| **စုစုပေါင်းအိမ်ထောင်စု** | | **၃၈၉** | | |

ရင်းမြစ်-(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု ၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ရေတွင်းကောင်းကျေးရွာသည် လူဦးရေအများစုမှာ အလုပ်လုပ်နိုင်သူအများစုဖြစ်ပြီး ကျန်းမာရေးကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

## (၂) သဘာဝရင်းမြစ်နှင့်ဝဝ်ရာသီဥတုအခြေအနေ

## (၂.၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့်ဝဝ် ရေအရင်းအမြစ်အခြေအနေ

ဇယား (၂) ရေတွင်းကောင်းကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း၊သင့်ဝဝ်၊ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သောရေ အရင်းအမြစ် (မြေအောက်ရေ၊ ချောင်း၊မြစ်၊စိမ့်ဝဝ် စမ်း စသည့်ဝဝ်) |
|---|---|---|---|---|
| လယ်မြေ | ၄၂၄ | သင့်ဝဝ် | အနည်းအကျဉ်း | ချောင်း |
| ယာမြေ/တောင်ယာမြေ | ၁၈၆၁ | သင့်ဝဝ် | အနည်းအကျဉ်း | - |
| ဥယျာဉ်ခြံမြေ | - | - | - | - |
| ကိုင်း/ကျွန်းမြေ | - | - | - | - |
| ဓနိတောမြေ | - | - | - | - |
| စားကျက်မြေ | - | - | - | - |
| ပလပ်မြေ | - | - | - | - |
| သစ်တောမြေ | - | - | - | - |
| **စုစုပေါင်း** | **၂၂၈၅** | | - | - |

ရင်းမြစ် - ဦးတည်အုပ်စု ဆွေးနွေးခြင်း-ရပ်မိ/ရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ရေတွင်းကောင်းကျေးရွာသည် လယ်မြေဧက (၄၂၄)ဧက ရှိသော်လည်း စိုက်ပျိုးရေးလုံလောက်စွာ မရရှိသောကြောင့်ဝ် နှစ်စဉ် ဧက (၁၀၀)ခနဲ့ဝ် စိုက်ပျိုးလုံလောက်စွာ မရရှိဘဲ ပျက်စီးဆုံးရှုံးမှု ဖြစ်နေရပါသည်။လယ်မြေဧက (၃၀၀) ကျော်နှင့်ဝ် ယာမြေဧက (၈၀၀)ကျော်ကိုသာ စိုက်ပျိုးနိုင်ကြောင်း တွေ့ရှိရပါသည်။

## (၂.၂) ဓာတ်သတ္တုနှင့်ဝဝ်အခြားသဘာဝအရင်းအမြစ်များ

ဇယား(၃) ရေတွင်းကောင်းကျေးရွာ၏ ဓာတ်သတ္တုနှင့်ဝ် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ၊သင့်ဝဝ်၊နည်း၊မရှိ) | အသုံးပြုနိုင်မှု (လွယ် ၊ ခက် ၊ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန်(ဓာတ်ငွေ့၊ရေနံ) | မရှိ | လက်လှမ်းမမီ |
| ဓာတ်သတ္တု(ကျောက်မျက်၊သတ္တု) ကျောက်၊ကျောက်မီးသွေး၊သဲ)စသည့်ဝ် သဘာဝအရင်းအမြစ် | မရှိ | လက်လှမ်းမမီ |
| တိရစ္ဆာန်မျိုးစိပ်များ | သင့်ဝဝ် | ခက် |
| အပင်မျိုးစိပ်များ (လူ၊တိရစ္ဆာန်တို့အတွက်အသုံးဝင်သော | သင့်ဝဝ် | လွယ် |
| ပျမ်းမျှအပူချိန် - ၁၀၅ F | ပျမ်းမျှမိုးရေချိန် - ၃၈" | |

ရင်းမြစ်-ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိ/ရပ်ဖအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ရေတွင်းကောင်းကျေးရွာ နယ်နိမိတ်အတွင်း ကျောက် ၊ ကျောက်စရစ်များ အလွယ်တကူထုတ်ယူနိုင်ခြင်း မရှိပါ။လူနှင့်တိရစ္ဆာန်များအတွက် အသုံးဝင်သော အပင်များမှာ တမာပင် ၊ မန်းကျည်းပင် ၊ ကုက္ကိုပင် ၊ အုန်းပင် ၊ မာလကာပင် ၊ သြဇာပင် ၊ ရှောက်ပင် ၊ သံပုရာပင် ၊ ကြောင်ရှာပင် ၊ ဖရုံပင် ၊ ဘူးပင် ၊ ချဉ်ပေါင်ပင် ၊ ခရမ်းချဉ်သီးပင် ၊ မြေပဲ ၊ နှမ်း ၊ ပဲတီစိမ်း ၊ ပဲကြီး ၊ ပဲစဉ်းငုံ စသည့်အပင်တို့ စိုက်ပျိုးနိုင်ကြောင်း တွေ့ရှိရပါသည်။

## (၃) **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ**

ဇယား(၄) ရေတွင်းကောင်းကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခု နှင့်အထက် ရွေးနိုင်သည်) | အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ(သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်း ဖော်ပြချက် |
|---|---|---|---|---|
| ၁ | အုပ်ချုပ်ရေး အဖွဲ့ | ၁√ ၂□ ၃ □ | ပညာရေး √ငွေကြေး √<br>ကျန်းမာရေး √ ဘာသာရေး √<br>စိုက်ပျိုးမွေးမြူရေး √<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့်ကာကွယ်ရေး √ | - |
| ၂ | ဘာသာရေး အဖွဲ့ | ၁□၂ □၃√ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး □ ဘာသာရေး √<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့်ကာကွယ်ရေး □ | - |
| ၃ | ပရဟိတ အဖွဲ့ | ၁□၂ √ ၃ □ | ပညာရေး √ ငွေကြေး √<br>ကျန်းမာရေး √ ဘာသာရေး √<br>စိုက်ပျိုးမွေးမြူရေး √<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့်ကာကွယ်ရေး□ | - |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခု နှင့်ဝ့်အထက် ရွေးနိုင်သည်) | အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ(သို့) ခိုင်မာတောင့်တင်း မှုဆိုင်ရာ ရှင်းလင်း ဖော်ပြချက် |
|---|---|---|---|---|
| ၄ | အမျိုးသမီးအဖွဲ့ | ၁□၂ √ ၃ □ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး □ ဘာသာရေး √<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့်ကာကွယ်ရေး□ | - |
| ၅ | မီးသတ် အဖွဲ့ | ၁□၂ √ ၃ □ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး □ ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □<br>လုံခြုံရေးနှင့်ကာကွယ်ရေး √ | - |
| ၆ | ဝတ်ရွတ်စဉ် အဖွဲ့ | ၁□၂ √ ၃ □ | ပညာရေး □ ငွေကြေး □<br>ကျန်းမာရေး √ ဘာသာရေး □<br>စိုက်ပျိုးမွေးမြူရေး □<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √<br>လုံခြုံရေးနှင့်ကာကွယ်ရေး □ | - |

ရင်းမြစ်-ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိ/ရပ်ဖအုပ်စု ၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ရေတွင်းကောင်းကျေးရွာတွင် အလှူအတန်းများနှင့် သာရေး ၊ နာရေး လုပ်ငန်းများကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အစည်းမှ ဦးဆောင်ပြီး ဘာသာရေးအဖွဲ့ ၊ ပရဟိတအဖွဲ့ ၊ အမျိုးသမီးရေးရာအဖွဲ့ ၊ လူငယ်အဖွဲ့တို့နှင့် ပူးပေါင်း ဆောင်ရွက်ကြပါသည်။အလုပ်အကိုင်ပါးသော တပေါင်း ၊ တန်ခူးလ ရာသီများတွင် ဝတ်အသင်းများ မှ အိမ်တိုင်းတွင် ဘုရားဝတ်တက် လုပ်ငန်း များ စုပေါင်းလုပ်ကိုင်ကြပါသည်။

## (၄) စီးပွားရေးနှင့်လူမှုဝတ်အသက်မွေးမှုအခြေအနေ

### (၄.၁) ဥစ္စာဓနအဆင့်ဝတ်အခြေအနေ

ဇယား(၅) ရေတွင်းကောင်းကျေးရွာ၏ ဥစ္စာဓနအဆင့်ဝတ် အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ် ရှိသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၆ ဧက | ၁၂ ဧက | ၅ ဧက | မြေယာမဲ့ |
| အိမ်အခြေအနေ | တိုက်ခံ ၊ သွပ်မိုး ပျဉ်ထောင် | (၄)ပင် ၊ ပျဉ်ထောင် သွပ်မိုး | (၄)ပင် ၊ သွပ်မိုး ဝါးထရံကာ | (၃)ပင် သက္ကယ်မိုး |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော ပိုင်ဆိုင်မှု | ကား၊ထွန်စက် နွားလှည်း၊ စပါးချွေစက်၊ ဆိုင်ကယ် ၊ ဆီစက် | ဆိုင်ကယ်၊ နွားလှည်း ၊ ရေစုပ် စက် | နွားလှည်း၊ ရေစုပ်စက် | - |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူ | တောင်သူ | တောင်သူ | ကျပန်း |
| အိမ်ထောင်စု | ၈၀ | ၁၆၀ | ၉၅ | ၅၄ |

ရင်းမြစ်-(၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုထက် အဆင်မပြေသော အိမ်ထောင်စုမှာ ပိုမို များပြားပြီး အသက်အရွယ်ကြီး၍ အလုပ်မလုပ်နိုင်ခြင်း ၊ ဒေသအတွင်း ဝင်ငွေ ရရှိသော လုပ်ငန်းများ ရှားပါးခြင်းရှိကြောင်း တွေ့ရှိရပါသည်။

## (၄.၂) သီးနှံထုတ်လုပ်မှု

### (၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား(၆) ရေတွင်းကောင်းကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု ၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု ရာခိုင်နှုန်း | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၅၄ | ၁၄ | မြေမဲ့ ယာမဲ့ |
| ၂ | ၂.၅ ဧကအောက်(၁ဟက်တာထိ) | ၈၀ | ၂၁ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ဧကအထိ(ဟက်တာထိ) | ၁၅၀ | ၃၉ | တောင်သူငယ် |
| ၄ | ၅ဧကမှ ၁၂.၅ဧကထိ (၅ ဟက်ထာထိ) | ၇၅ | ၁၉ | တောင်သူလတ် |
| ၅ | ၁၂.၅ဧကအထက် (၅ ဟက်တာနှင့်အထက်) | ၃၀ | ၉ | တောင်သူကြီး |
| | ကျေးရွာရှိ အိမ်ထောင်စု စုစုပေါင်း | ၃၈၉ | | |

ရင်းမြစ် - (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း-
လယ်သမားအုပ်စု ၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
(၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး

**လေ့လာတွေ့ရှိချက်။** ။ကျေးလက်ပြည်သူများ ဖြစ်သောကြောင့် စိုက်ပျိုးရေးလုပ်ငန်းများကိုသာ အဓိက ထားလုပ်ကိုင်ပါသည်။စိုက်ပျိုးရေးအတွက် စိုက်ပျိုးရေ ရရှိရေး ၊မြေဆီလွှာ ထိန်းသိမ်းရေး ၊ ဖျက်ပိုးကာကွယ်နှိမ်နှင်းရေးများအတွက် အသိပညာပေး ဗဟုသုတများ လိုအပ်နေကြောင်း တွေ့ရှိရပါသည်။

**(၄-၂-၂) ရေတွင်းကောင်းကျေးရွာ၏ အဓိက သီးနှံများနှင့် အထွက်နှုန်း**

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧကအထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | |
| စပါး | ၄၂၄ | တင်း | ၁၅ | ၂၀ | ၁၈ | - |
| နှမ်း | ၁၈၆၁ | တင်း | ၁၀ | ၁၂ | ၁၀.၅ | - |
| မြေပဲ | ၄၅၀ | တင်း | ၂၀ | ၄၅ | ၂၈ | - |
| ပဲတီစိမ်း | ၅၀ | တင်း | ၇ | ၁၂ | ၈.၅ | - |
| ပဲစဉ်းငုံ | ၃၀ | တင်း | ၂.၅ | ၅ | ၃ | - |

ရင်းမြစ်-ဦးတည်အုပ်စုဆွေးနွေးခြင်း၊ လယ်သမားအုပ်စု ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အဓိကထား စိုက်ပျိုးသော သီးနှံမှာ စပါး ၊ မြေပဲ ၊ နှမ်း ၊ ပဲတီစိမ်း ဖြစ်၍ မိုးပါးသော နှစ်များတွင် လိုအပ်သောရေနှင့် စက်ကိရိယာများ လိုအပ်ကြောင်း တွေ့ရှိရပါသည်။မိုးကောင်းသော နှစ်များတွင် လယ်တစ်ဧက စပါး တင်း (၃၀) ၊ နှမ်း (၁၂) တင်း နှင့် မြေပဲ (၅၀) တင်း ထွက်ရှိနိုင်ကြောင်း တွေ့ရှိရပါသည်။

## (၄-၃) မွေးမြူရေးလုပ်ငန်း

ဇယား(၈)ရေတွင်းကောင်းကျေးရွာ၏ မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသော ကောင်ရေအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၃၀၀ | ၆၉၉ |
| နို့စားနွား | - | - |
| ကျွဲ | - | - |
| မြင်း | - | - |
| မြည်း | - | - |
| လား | - | - |
| ဆိတ် | - | - |
| သိုး | - | - |
| ဝက် | ၅၀ | ၅၅ |
| ကြက် | ၃၈၀ | ၂၁၅၇ |
| ဘဲ | - | - |
| နွားနောက် | - | - |
| ငါးလုပ်ငန်း | - | - |
| ငါးကန် | - | - |
| ပုဇွန်ကန် | - | - |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | - | - |
| ရေချိုငါးဖမ်းလုပ်ငန်း | - | - |
| ကမ်းလွန်ငါးဖမ်းလုပ်ငန်း | - | - |

ရင်းမြစ်-(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂)ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ရေတွင်းကောင်းကျေးရွာတွင် လယ်ယာမြေများ ထွန်ယက်ရန်အတွက် နွားများကိုသာ တစ်နိုင်တစ်ပိုင် မွေးမြူကြပြီး ဝက် ၊ ကြက် ၊ ဘဲများကို စီးပွားဖြစ် မွေးမြူရခြင်း ဖြစ်ကြောင်း ငါးကန် နှင့် ငါးလုပ်ငန်း လုပ်ကိုင်သူ မရှိကြောင်း တွေ့ရှိရပါသည်။

### (၄.၄) စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

